## ဓမ္မခန္ဓာ (၄၅) ပဆစ်ဒူးထောက်ခြင်း (အာလ် ဂျာဆီးယာဟ်)

ဥဒ္ဒေါစဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၆၅)၊ သုတ်ဒေသနာ (၃၇)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

**بِسْمِ اللّهِ الرَّحْمـَنِ الرَّحِيمِ**

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

| | |
|---|---|
| ၁။<br>☆၄၀း၁ | **حم**۞<br>ဟာ၊ မင်။☆ |
| ၂။ | **تَنزِيلُ الْكِتَابِ مِنَ اللَّهِ الْعَزِيزِ الْحَكِيمِ**۞<br>ကိန်းဝပ်ချမှတ်ပေးသော ကျမ်းတော်သည်  ဘုန်းတော်ရှင် ဓမ္မသတ်ရှင် ဖြစ်သော ပရမတ်ဘုရားရှင်၏ ထံမှ ဖြစ်၏။ |
| ၃။ | **إِنَّ فِي السَّمَاوَاتِ وَالْأَرْضِ لَآيَاتٍ لِّلْمُؤْمِنِينَ**۞<br>မိုးများနှင့် မြေအတွင်း၌ ယုံကြည်သူများအတွက် နိမိတ်လက္ခဏာများ ရှိနေ၏။ |
| ၄။ | **وَفِي خَلْقِكُمْ وَمَا يَبُثُّ مِن دَابَّةٍ آيَاتٌ لِّقَوْمٍ يُوقِنُونَ**۞<br>သင်တို့အား ဖြစ်တည်စေခြင်းနှင့် သတ္တဝါအပေါင်းအား ပေါက်ဘွားပြန့်နှံ့စေခြင်းများ၌ မျက်မှောက်ပြုသူတို့ အဘို့ နိမိတ်လက္ခဏာများ ရှိ၏။ |
| ၅။ | **وَاخْتِلَافِ اللَّيْلِ وَالنَّهَارِ وَمَا أَنزَلَ اللَّهُ مِنَ السَّمَاءِ مِن رِّزْقٍ فَأَحْيَا بِهِ الْأَرْضَ بَعْدَ مَوْتِهَا وَتَصْرِيفِ الرِّيَاحِ آيَاتٌ لِّقَوْمٍ يَعْقِلُونَ**۞<br>ညနှင့်နေ့အား ပြောင်းလဲစေခြင်း၊ ပရမတ်ဘုရားရှင်က ကောင်းကင်ယံမှ ရိက္ခာ ချမှတ်ပေး၍ သေနေသော မြေအား ပြန်ရှင်စေခြင်း၊ လေများကို တိုက်ခတ်စေခြင်းများ၌ အတွေးအခေါ်ရှိသော လူမျိုးတို့အတွက် နိမိတ်လက္ခဏာများ ရှိ၏။ |
| ၆။ | **تِلْكَ آيَاتُ اللَّهِ نَتْلُوهَا عَلَيْكَ بِالْحَقِّ فَبِأَيِّ حَدِيثٍ بَعْدَ اللَّهِ وَآيَاتِهِ يُؤْمِنُونَ**۞<br>ဤသည် သင့်အား မှန်ကန်စွာ ရွတ်ဖတ်ပြသော ပရမတ်ဘုရားရှင်၏ သုတ်ဒေသနာတော်များ ဖြစ်၏။ ပရမတ်ဘုရားရှင်၏ သုတ်ဒေသနာများ နောက် မည်သည့် ဆင့်ပြန်ကျမ်းများကို ယုံကြည်ဦးမည်နည်း။ |
| ၇။ | **وَيْلٌ لِّكُلِّ أَفَّاكٍ أَثِيمٍ**۞<br>မကောင်းမှုပြုသူ လုပ်ဇာတ်ဆင်သူတိုင်း ပျက်စီးရမည် သာတည်း။ |
| ၈။ | **يَسْمَعُ آيَاتِ اللَّهِ تُتْلَى عَلَيْهِ ثُمَّ يُصِرُّ مُسْتَكْبِرًا كَأَن لَّمْ يَسْمَعْهَا فَبَشِّرْهُ بِعَذَابٍ أَلِيمٍ**۞<br>သူသည် သူ့အား ရွတ်ဖတ်ပြသော ပရမတ်ဘုရားရှင်၏ သုတ်ဒေသနာတို့အား ကြားသော်လည်း ၎င်းကို မကြားခဲ့ဟန် မောက်မာမန်တက်လျှက်ပင် ရှိ၏၊ သူ့အား စူးနစ်သော ဝဋ်ကြွေးအကြောင်း သတင်းကောင်းပါးလော့။ |
| ၉။ | **وَإِذَا عَلِمَ مِنْ آيَاتِنَا شَيْئًا اتَّخَذَهَا هُزُوًا أُوْلَئِكَ لَهُمْ عَذَابٌ مُّهِينٌ**۞<br>ငါ၏ သုတ်ဒေသနာ တစ်စုံတစ်ခုအား သိရသောအခါ၊ ပျက်ရယ်ပြုစရာဟု ယူမှတ်သောသူ ထိုသူတို့ အတွက် မသတီဘွယ် ဝဋ်ကြွေးသည် ရှိ၏။ |

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

| | |
|---|---|
| ၁၀။ | **مِن وَرَائِهِمْ جَهَنَّمُ وَلَا يُغْنِي عَنْهُم مَّا كَسَبُوا شَيْئًا وَلَا مَا اتَّخَذُوا مِن دُونِ اللَّهِ أَوْلِيَاء وَلَهُمْ عَذَابٌ عَظِيمٌ۞**<br>သူတို့ရှေ့၌ ငရဲဘုံရှိ၏၊ သူတို့ ဆည်းပူးခဲ့သော အရာများ၊ ပရမတ်ဘုရားရှင်အား တုပြိုင်လျှက် သူတို့ အယူထားခဲ့သော ကွပ်ကဲသူများသည် သူတို့အတွက် ကုံလုံပြည့်စုံမှု မရှိချေ၊ သူတို့အတွက် ဝဋ်ကြွေးကြီးသာ ရှိနေ၏။ |
| ၁၁။ | **هَذَا هُدًى وَالَّذِينَ كَفَرُوا بِآيَاتِ رَبِّهِمْ لَهُمْ عَذَابٌ مَّن رِّجْزٍ أَلِيمٌ۞**<br>ဤသည် လမ်းညွှန်တော်ဖြစ်၏၊ ကံကြမ္မာရှင်၏ သုတ်ဒေသနာတို့အား ဖုံးကွယ်သောသူ ထိုသူတို့အတွက် အလွန်ဆိုးဝါး စူးနစ်သော ဝဋ်ကြွေးသည် ရှိ၏။ |
| ၁၂။ | **اللَّهُ الَّذِي سخَّرَ لَكُمُ الْبَحْرَ لِتَجْرِيَ الْفُلْكُ فِيهِ بِأَمْرِهِ وَلِتَبْتَغُوا مِن فَضْلِهِ وَلَعَلَّكُمْ تَشْكُرُونَ۞**<br>ပရမတ်ဘုရားရှင်သည် အရှင်၏ စီမံချက်ဖြင့် ပင်လယ်ပြင်၌ စီးမြောစေသော ရေယာဉ်များကို သင်တို့အတွက် အသုံးခံဖြစ်စေသည်မှာ သင်တို့သည် အရှင်၏ သိက္ခာပေးခြင်းအား ရှာမှီးအံ့ငှာ၊ ကျေးဇူးသိအံ့ငှာ ဖြစ်၏။ |
| ၁၃။ | **وَسَخَّرَ لَكُم مَّا فِي السَّمَاوَاتِ وَمَا فِي الْأَرْضِ جَمِيعًا مِّنْهُ إِنَّ فِي ذَلِكَ لَآيَاتٍ لَّقَوْمٍ يَتَفَكَّرُونَ۞**<br>အရှင်သည် မိုးများအတွင်း မြေကမ္ဘာအတွင်း ရှိသမျှကို သင်တို့အတွက် အသုံးခံ ဖြစ်စေ၏။ အလုံးစုံသည် အရှင့်ထံမှ ဖြစ်၏။ ကေန်ပင် ဤ၌ ပြန်ပြောင်းစဉ်းစားသော လူမျိုးအတွက် နိမိတ်လက္ခဏာများ ရှိနေ၏။ |
| ၁၄။<br>☆၁၄း၅ | **قُل لِّلَّذِينَ آمَنُوا يَغْفِرُوا لِلَّذِينَ لا يَرْجُون أَيَّامَ اللَّهِ لِيَجْزِيَ قَوْمًا بِما كَانُوا يَكْسِبُونَ۞**<br>ပရမတ်ဘုရားရှင်၏ နေ့ကာလများအား☆ မမျှော်လင့်ထားသော သူတို့အား၊ လွတ်ငြိမ်းခွင့်ပေးရန် ယုံကြည်သော သူတို့ကို ဟောပြောလော့၊ အရှင်သည် လူမျိုးတစ်မျိုးအား သူတို့၏ ဆည်းပူးမှုအလျှောက် အကျိုးပေးစေတော်မူလတ္တံ့။ |
| ၁၅။ | **مَنْ عَمِلَ صَالِحًا فَلِنَفْسِهِ وَمَنْ أَسَاء فَعَلَيْهَا ثُمَّ إِلَى رَبِّكُمْ تُرْجَعُونَ۞**<br>ပြုပြင်ပြောင်းလဲမှုကို ပြုသူသည် သူ၏ စရိုက်အတွက် ဖြစ်၍၊ အကုသိုလ်ကောင်သည်လည်း သူ့အတွက်ပင် ဖြစ်၏၊ ထို့နောက် ကံကြမ္မာရှင်၏ ထံသို့သာ ဦးလှည့်ပြန်ခဲ့ရမည်တည်း။ |
| ၁၆။ | **وَلَقَدْ آتَيْنَا بَنِي إِسْرَائِيلَ الْكِتَابَ وَالْحُكْمَ وَالنُّبُوَّةَ وَرَزَقْنَاهُم مِّنَ الطَّيِّبَاتِ وَفَضَّلْنَاهُمْ عَلَى الْعَالَمِينَ۞**<br>ငါသည် ဂျူးလူမျိုးတို့အား ကျမ်းတော်၊ ဓမ္မသတ်တော်နှင့် သတင်းတော်ဆောင်ဘွဲ့များဖြင့် မုချ ချီးမြှင့်ခဲ့၏။ သူတို့အား သန့်စင်ရာမှ ရိက္ခာထောက်ခဲ့၏။ လောကခပ်သိမ်းထက် သူတို့ကို သိက္ခာပေးခဲ့၏။ |
| ၁၇။ | **وَآتَيْنَاهُم بَيِّنَاتٍ مِّنَ الْأَمْرِ فَمَا اخْتَلَفُوا إِلَّا مِن بَعْدِ مَا جَاءهُمْ الْعِلْمُ بَغْيًا بَيْنَهُمْ إِنَّ رَبَّكَ يَقْضِي بَيْنَهُمْ يَوْمَ الْقِيَامَةِ فِيمَا كَانُوا فِيهِ يَخْتَلِفُونَ۞**<br>ငါသည် သူတို့အား စီမံချက်တော်မှ ရှင်းလင်းချက်ကို ပေးအပ်ခဲ့ပြီ၊ သူတို့ထံသို့ အသိပညာ ရောက်ပြီးသည့်၏ နောက်မှသာလျှင် သူတို့ချင်းကြား မနာလိုမှုများကြောင့် သူတို့ချင်း ကွဲပြားကြကုန်၏၊ ကေန်ပင် ကံကြမ္မာရှင်က မြဲမြံတည်တံ့သော နေ့ကာလ၌ သူတို့၏အကြား၌ ငြင်းခုံကွဲလွဲမှု၌ ရှိခဲ့သည်တို့ကို ဆုံးဖြတ်တော်မူလတ္တံ့။ |
| ၁၈။ | **ثُمَّ جَعَلْنَاكَ عَلَى شَرِيعَةٍ مِّنَ الْأَمْرِ فَاتَّبِعْهَا وَلَا تَتَّبِعْ أَهْوَاء الَّذِينَ لَا يَعْلَمُونَ۞**<br>ငါသည် သင့်အား စီမံချက်တော်ရှိ ဥပဒေအတွင်း၌ ခန့်အပ်ထား၏၊ သို့ဖြစ်၍ ၎င်းကို လိုက်နာလော့၊ သိနားလည်ခြင်း မရှိသော သူတို့၏ လိုဘများနောက်သို့ မလိုက်နာလင့်။[၉၃၅] |

(၉၃၅) အစ္စလာမ် သာသနာ၏ သွန်သင်ချက်တွင် လူသားမှန်က မည်သူမှ အဓိပတိ ဘုရား မဟုတ်ချေ၊ မည်သူသည်မှ ဥပဒေ၏ အထက်မှ နေခွင့်မရှိချေ၊ ကိုယ်တော်မုဟမ္မဒ်သည်ပင် ဥပဒေ၏ ဘောင်အတွင်းမှသာ နေခဲ့ရကြောင်း ဤသုတ်တော်က ပြောဆိုထားပေသည်။ ဤနေရာတွင် ပြောဆို

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

| | |
|---|---|
| ၁၉။ | إِنَّهُمْ لَن يُغْنُوا عَنكَ مِنَ اللَّهِ شَيْئًا وإِنَّ الظَّالِمِينَ بَعْضُهُمْ أَوْلِيَاء بَعْضٍ وَاللَّهُ وَلِيُّ الْمُتَّقِينَ۞<br>ပရမတ်ဘုရားရှင်အား ကင်းလျှက် သူတို့သည် သင့်အတွက် စိုးစဉ်းမျှ အထောက်အကူ မရနိုင်ချေ၊ အဝိဇ္ဇာကောင်တို့ သည် သူတို့အချင်းချင်း ကွပ်ကဲသူများ ဖြစ်ကြ၏။ ပရမတ်ဘုရားရှင်သည်ကား စည်းစောင့်သူတို့အတွက် ကွပ်ကဲသူပင် ဖြစ်၏။ |
| ၂၀။<br>ကုရ်အံ | هَذَا بَصَائِرُ لِلنَّاسِ وَهُدًى وَرَحْمَةٌ لِّقَوْمٍ يُوقِنُونَ۞<br>ဤသည် လူသားတို့အတို့ ဝိဇ္ဇာအလင်းရောင်ကြီး ဖြစ်၍၊ ဒိဋ္ဌမျက်မှောက်ပြုသော လူမျိုးအတွက် လမ်းညွှန်တော်၊ ကရုဏာတော် ဖြစ်၏။ |
| ၂၁။ | أَمْ حَسِبَ الَّذِينَ اجْتَرَحُوا السَّيِّئَاتِ أَّن نَّجْعَلَهُمْ كَالَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ سَوَاء مَّحْيَاهُم وَمَمَاتُهُمْ سَاء مَا يَحْكُمُونَ۞<br>သို့မဟုတ် အကုသိုလ်မှု၌ အားသာသူတို့က ငါအရှင်သည် သူတို့အား ယုံကြည်လျှက် ပြုပြင်ပြောင်းလဲခြင်း ပြုသော သူတို့ကဲ့သို့ စီမံလိမ့်မည်ဟု ထင်မှတ်ကြလေသလော။ သူတို့၏ ရှင်ခြင်း သူတို့၏ သေခြင်းသည် အတူတူပင် ဖြစ် သလော၊ သူတို့၏ အဆုံးအဖြတ်သည်ပင် အကုသိုလ် ဖြစ်၏။ |
| ၂၂။ | وَخَلَقَ اللَّهُ السَّمَاوَاتِ وَالْأَرْضَ بِالْحَقِّ وَلِتُجْزَى كُلُّ نَفْسٍ بِمَا كَسَبَتْ وَهُمْ لَا يُظْلَمُونَ۞<br>ဉာဉ်စရိုက် ကိုယ်စီ ကျင့်ဆောင်မှုအတွက် အကျိုးခံစားရရန် ပရမတ်ဘုရားရှင်သည် မိုးများနှင့် မြေကို မှန်ကန်ညီညွှတ်စွာ ဖြစ်တည်စေတော်မူ၏။ သူတို့အား အဝိဇ္ဇာသင့်စေသည်ကား မဟုတ်ချေ။ |
| ၂၃။ | أَفَرَأَيْتَ مَنِ اتَّخَذَ إِلَهَهُ هَوَاهُ وَأَضَلَّهُ اللَّهُ عَلَى عِلْمٍ وَخَتَمَ عَلَى سَمْعِهِ وَقَلْبِهِ وَجَعَلَ عَلَى بَصَرِهِ غِشَاوَةً فَمَن يَهْدِيهِ مِن بَعْدِ اللَّهِ أَفَلَا تَذَكَّرُونَ۞<br>မိမိ၏ အတ္တအား ဘုရားအဖြစ် အယူထားသူကို သင် မသုံးသပ်မိသလော၊ ပရမတ်ဘုရားရှင်သည် သိရှိနေသော်လည်း သူ့အား လွဲဖယ်ထားလိုက်၏၊ သူ၏ ကြားနာခြင်းနှင့် နှလုံးသားအား အဆုံးသတ်ထားပြီ၊ သူ့ အမြင်၌ အကွယ် အကာကို စီမံထား၏၊ ပရမတ်ဘုရားရှင်၏ နောက် သူ့အား မည်သူက လမ်းညွှန်ဦးမည်နည်း၊ သင်တို့သည် သတိထား ကြမည် မဟုတ်လော။ |
| ၂၄။ | وَقَالُوا مَا هِيَ إِلَّا حَيَاتُنَا الدُّنْيَا نَمُوتُ وَنَحْيَا وَمَا يُهْلِكُنَا إِلَّا الدَّهْرُ وَمَا لَهُم بِذَلِكَ مِنْ عِلْمٍ إِنْ هُمْ إِلَّا يَظُنُّونَ۞<br>သူတို့က "ဤလောကီ သက်တမ်းမှအပ အခြား မရှိချေ၊ ကျွန်ုပ်တို့သည် အနိစ္စ၊ နိစ္စ ဖြစ်ရမည်ပင်၊ အချိန်ကာလသည် သာ ကျွန်ုပ်တို့အား တိုက်စားလေ၏၊"ဟု ဆိုကြ၏။ ဤအကြောင်းအရာ၌ သူတို့တွင် အသိပညာ မရှိချေ၊ ထင်မြင်ယူဆ ချက်သာ ရှိလေ၏။ |
| ၂၅။ | وَإِذَا تُتْلَى عَلَيْهِمْ آيَاتُنَا بَيِّنَاتٍ مَّا كَانَ حُجَّتَهُمْ إِلَّا أَن قَالُوا ائْتُوا بِآبَائِنَا إِن كُنتُمْ صَادِقِينَ۞<br>ငါ၏ ရှင်းလင်းသော သုတ်ဒေသနာတို့ကို သူတို့အား ရွတ်ဖတ်ပြသောအခါ၊ သူတို့သည် စောဒက မတက်နိုင်ဘဲလျှက် ပြောကြသည်မှာ "သင်တို့သည် ဖြောင့်မှန်သူများ ဖြစ်လျှင် ကျွန်ုပ်တို့၏ ဘဘိုးများကို ပြန်ယူခဲ့လော့၊"ဟု ဖြစ်၏။ |

---

သော ဥပဒေ ဆိုသည့် စကားလုံးအား "ရှရီအာတ်ဟ်" ဟု သုံးထားသောကြောင့် ဤမြတ်ကုရ်အံပါ ဥပဒေများ၊ ကျမ်းတော်နှင့် လုံးဝကိုက်ညီသော ဥပဒေများသည်သာ ရှရီအတ်ဟ် ဖြစ်သည်ဟု လက်ခံ ယုံကြည်သင့်ပေသည်။ ရှေးဆရာတော်ကြီးများ အနေဖြင့် ခေတ်ကာလအလိုက်၊ ၎င်းတို့၏ လူမှုပတ်ဝန်းကျင်အလိုက်၊ ၎င်းတို့၏ ခေတ်နှင့် ညီသော စကားလုံးများအလိုက် ကျမ်းတော်ပါ သွန်သင်ချက်နှင့် ကိုက်ညီသည်ဟု ခံယူလျှက် ဥပဒေ ချမှတ်ခဲ့သည့် ဒေသိက ဆိုင်ရာ ဥပဒေများကို ရှရီအတ်ဟ် ဖြစ်သည်– ထိုဥပဒေများသည် ခေတ်တိုင်း လူမျိုးတိုင်းအတွက် ပြည့်စုံလုံလောက်သည် ဟု လေ့နံ့ခါးထက် မယူဆအပ်ပေ။ ထိုဥပဒေများကို ပါယ်သင့်က ပါယ်ရမည် ဖြစ်သည်။ ကျမ်းမြတ်ကုရ်အံသည်သာ စံ အဖြစ် ရှိနေမည် ဖြစ်သည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

| | |
|---|---|
| ၂၆။ | قُلِ اللَّهُ يُحْيِيكُمْ ثُمَّ يُمِيتُكُمْ ثُمَّ يَجْمَعُكُمْ إِلَى يَوْمِ الْقِيَامَةِ لَا رَيبَ فِيهِ وَلَكِنَّ أَكَثَرَ النَّاسِ لَا يَعْلَمُونَ۞<br>ဟောလော့ "ပရမတ်ဘုရားရှင်သည် သင်တို့အား အသက်ကိုပေး၏။ တဖန် သေဆုံးစေ၍ သံသယ မဝင်နိုင်သော မြဲမြံတည်တံ့ရမည့် နေ့ကာလသို့ စုရုံးစေလတ္တံ့။ သို့သော် လူသား အများစုသည် အသိပညာ မရှိကြချေ။" |
| ၂၇။ | وَلِلَّهِ مُلْكُ السَّمَاوَاتِ وَالْأَرضِ وَيَومَ تَقُومُ السَّاعَةُ يَوْمَئِذٍ يَخْسَرُ الْمُبْطِلُونَ۞<br>မိုးများနှင့် မြေကမ္ဘာအား ပိုင်စိုးခြင်းသည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာ၌ ရှိ၏။ မြဲမြံတည်တံ့သော နေ့ကာလ၊ ထိုနေ့ကာလ၏ အချိန်နာရီတွင် မိစ္ဆာဒိဋ္ဌိတို့သည် ဆုံးရှုံးပျက်စီးရလတ္တံ့။ |
| ၂၈။ | وَتَرَى كُلَّ أُمَّةٍ جَاثِيَةً كُلُّ أُمَّةٍ تُدْعَى إِلَى كِتَابِهَا الْيَوْمَ تُجْزَوْنَ مَا كُنتُمْ تَعْمَلُونَ۞<br>အသိုင်းအဝိုင်း ကိုယ်စီအား ပဆစ်ဒူးထောက်လျက် သင် တွေ့ရလတ္တံ့၊ သူတို့အတွက် မှတ်တမ်းဆီသို့ ခေါ်ငင်လျက် ဤနေ့၌ သင်တို့ကျင့်ကြံခဲ့ သမျှကို အကျိုးခံစားကြလော့– |
| ၂၉။ | هَذَا كِتَابُنَا يَنطِقُ عَلَيْكُم بِالْحَقِّ إِنَّا كُنَّا نَسْتَنسِخُ مَا كُنتُمْ تَعْمَلُونَ۞<br>ဤသည် ငါအရှင်၏ မှတ်တမ်းဖြစ်၍ ယင်းသည် သင်တို့အား မှန်ကန်စွာ စကားပြောလိမ့်မည်၊ ငါအရှင်သည် သင်တို့ ကျင့်ကြံသမျှကို စာရင်းပြုထားတော်မူ၏။ |
| ၃၀။ | فَأَمَّا الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ فَيُدْخِلُهُمْ رَبُّهُمْ فِي رَحْمَتِهِ ذَلِكَ هُوَ الْفَوْزُ الْمُبِينُ۞<br>ယုံကြည်လျက် ပြုပြင်ပြောင်းလဲခြင်း ပြုသောသူတို့အတွက် ကံကြမ္မာရှင်သည် အရှင်၏ ကရုဏာတော်သို့ ဝင်ရောက်ခွင့်ပြု၏၊ ဤသည် သူ့အတွက် ထင်ရှားသော အောင်မြင်မှုပင်တည်း။ |
| ၃၀။ | وَأَمَّا الَّذِينَ كَفَرُوا أَفَلَمْ تَكُنْ آيَاتِي تُتْلَى عَلَيْكُمْ فَاسْتَكْبَرْتُمْ وَكُنتُمْ قَوْمًا مُّجْرِمِينَ۞<br>ဖုံးကွယ်သော သူတို့၊ ငါ၏ သုတ်ဒေသနာများကို သင်တို့အား ရွတ်ဖတ်ပြခဲ့သည် မဟုတ်လော၊ သို့ပါလျက် သင်တို့သည် မာနတက်နေကြ၍ သင်တို့သည် ရာဇဝတ်ကောင်များ ဖြစ်ကြကုန်၏။ |
| ၃၂။ | وَإِذَا قِيلَ إِنَّ وَعْدَ اللَّهِ حَقٌّ وَالسَّاعَةُ لَا رَيْبَ فِيهَا قُلْتُم مَّا نَدْرِي مَا السَّاعَةُ إِن نَّظُنُّ إِلَّا ظَنًّا وَمَا نَحْنُ بِمُسْتَيْقِنِينَ۞<br>ပရမတ်ဘုရားရှင်၏ ကတိတော်သည် မှန်ကန်၏၊ ထိုအချိန်နာရီ၌ သံသယ မဖြစ်ကြကုန်လင့် ဟု ပြောသောခါ၊ သင်တို့က "ကျွန်ုပ်တို့သည် ထိုအချိန်နာရီကို မည်သည်ဟု မသိ၊ ထင်မြင်ယူဆချက်မျှသာ ဖြစ်သည်ဟု ကျွန်ုပ်တို့ ထင်၏၊ ကျွန်ုပ်တို့တွင် တိကျသေချာမှု မရှိချေ၊"ဟု ပြောကြ၏။ |
| ၃၃။ | وَبَدَا لَهُمْ سَيِّئَاتُ مَا عَمِلُوا وَحَاقَ بِهِم مَّا كَانُوا بِهِ يَسْتَهْزِؤُون۞<br>သူတို့ကျင့်ကြံသော အကုသိုလ်မှုသည် သူတို့အတွက် ထင်ရှားလာလိမ့်မည်။ သူတို့၏ လှောင်ပြောင်လေသမျှသည် သူတို့အား အမှုပတ်လတ္တံ့။ |
| ၃၄။ | وَقِيلَ الْيَوْمَ نَنسَاكُمْ كَمَا نَسِيتُمْ لِقَاءِ يَوْمِكُمْ هَذَا وَمَأْوَاكُمْ النَّارُ وَمَا لَكُم مِّن نَّاصِرِينَ۞<br>သူတို့အား ပြောဆိုမည်မှာ "သင်တို့အတွက် နေ့ကာလကို သင်တို့ မေ့ပစ်ထားခဲ့ သကဲ့သို့ ဤနေ့၌ သင်တို့အား ငါအရှင် မေ့ထားလိုက်ပြီ။ အပူမီးသည် သင်တို့အတွက် အခြေချရာ ဖြစ်၏။ သင်တို့အတွက် ကူညီမည့်သူ မရှိပြီ။ |

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

| | |
|---|---|
| ၃၅။ | ذَلِكُم بِأَنَّكُمُ اتَّخَذْتُمْ آيَاتِ اللَّهِ هُزُوًا وَغَرَّتْكُمُ الْحَيَاةُ الدُّنْيَا فَالْيَوْمَ لَا يُخْرَجُونَ مِنْهَا وَلَا هُمْ يُسْتَعْتَبُونَ ۞<br>ယင်းမှာ သင်တို့သည် ပရမတ်ဘုရားရှင်၏ သုတ်ဒေသနာများကို သရော်သမုတ်သောကြောင့်၊ သင်တို့အား လောကီသက်တမ်းက လှည့်စားထားသောကြောင့် ဖြစ်၏။ သို့ဖြစ်၍ သူတို့သည် ဤနေ့မှ ထွက်လမ်း မရှိချေ၊ စေတနာ ထားခံရခြင်းလည်း မရှိချေ။[၉၃၆] |
| ၃၆။ | فَلِلَّهِ الْحَمْدُ رَبِّ السَّمَاوَاتِ وَرَبِّ الْأَرْضِ رَبِّ الْعَالَمِينَ ۞<br>ရည်သန်စူးစိုက်မှု အပေါင်းသည် မိုးများ၏ ကံကြမ္မာရှင်၊ မြေကမ္ဘာ၏ ကံကြမ္မာရှင်၊ စကြာဝဠာများ၏ ကံကြမ္မာရှင် ဖြစ်သော ပရမတ်ဘုရားရှင်၏ အတွက်သာ ဖြစ်၏။ |
| ၃၇။ | وَلَهُ الْكِبْرِيَاء فِي السَّمَاوَاتِ وَالْأَرْضِ وَهُوَ الْعَزِيزُ الْحَكِيمُ ۞<br>မိုးများနှင့် မြေမှ ကြီးကျယ်မြင့်မြတ်မှု အပေါင်းသည် အရှင်၏ အချုပ်အခြာ၌ ရှိ၏၊ အရှင်သည် ဘုန်းတော်ရှင် ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။ |

---

(၉၃၆) သုတ်တော် ၂၈ မှ ၃၅ ထိပြောဆိုသော အသိုင်းအဝိုင်း ကိုယ်စီ ကြုံတွေ့ရမည့် အဖြစ်အပျက်သည် သေပြီးသည်၏ နောက်မှ ဖြစ်မည်ဟု မခံစား သင့်ပေ၊ အသိုင်းအဝိုင်းတစ်ခု ဝါဒတစ်ခု တိုင်းပြည်တစ်ခုရှိ လူသားတို့၏ ကျင့်ဆောင်မှုသည် ထိုလူသားတို့၏ သမိုင်း မှတ်တမ်းပင် ဖြစ်ပေသည်။ မည်သည့် အသိုင်းအအဝိုင်းမဆို မိမိတို့၏ လုပ်ရပ်၊ ချီတက်သော လမ်းစဉ်၏ အကျိုးရလဒ်ကို ဤကမ္ဘာလောကတွင်ပင် ခံစားရမည် ဖြစ်သည်။ သူတို့၏ နောင်မျိုးဆက်များလည်း ခံစားရမည် ဖြစ်သည်။ ထိုကြောင်းကို "အသင် မြင်တွေ့ရလတ္တံ့၊"ဟု ပြော ထားသော သုတ်တော် ၂၈ က ထောက်ပြထားပေသည်။ ထို့ကြောင့် ပရမတ်ဘုရားရှင် (အလ္လာဟ်)က အသိပေး ပြဋ္ဌာန်းထားသော ဤကျမ်းမြတ်ကုရ်အံ၏ နိယာမများသည် နောင်ဘဝ အတွက်သာ ဖြစ်သည်ဟု မယူဆသင့်ပေ။ ကျမ်းတော်ပါ နိယာမတိုင်းကို ဤလက်တွေ့ဘဝ၊ မျိုးဆက်များ၏ ဘဝ အတွက် ရည်သန် စဉ်းစား၍ လေ့လာသင့်ပေသည်၊ စူးစမ်းသင့်ပေသည်။ မိမိ၏ကျန်ရစ်မည့် မျိုးဆက်သည် မိမိ၏ နောင်ဘဝ ဖြစ်သည်ဟူသော သီအိုရီအား မစဉ်းစားဘဲလျက် လောကုတ္တရာ၊ လောကုတ္တရာဟု သေပြီးသည်၏ နောက်ကိုချည်း စဉ်းစားနေခြင်းသည်လည်း အကုသိုလ် မကင်းပေ။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com